The Elders

## ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့က အမျိုးသားပြုပြင်ပြောင်းလဲရေး တိုးမြှင့်လုပ်ဆောင်ရန် မြန်မာအဖွဲ့အစည်းအသီးသီး သို့ တိုက်တွန်းလိုက်ခြင်း၊ ငြိမ်းချမ်းရေးသဘောတူညီချက်များကို ထောက်ခံခြင်း

၂၀၁၃ ခုစက်တင်ဘာ ၂၆ ရက်။

လက်ငင်းသတင်းထုတ်ပြန်ရန်။

မြန်မာနိုင်ငံသို့ လာရောက်ခဲ့သော ၃ရက်တာခရီးပြီးဆုံးချိန်တွင် ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့က ယခုကဲ့သို့ စိတ်လှုပ်ရှားဖွယ်ကောင်းသော အသွင်ကူးပြောင်းဆဲကာလတွင် မြန်မာလူမျိုးများအပေါ် ထောက်ခံ အားပေး ကြောင်း ပြသလိုက်သည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ကို အကောင်အထည်ဖေါ်နေသော ခေါင်းဆောင် များကိုလည်း ပို၍ကောင်းမွန်သော တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် တိုက်တွန်းလိုက်သည်။ ယခုအကြိမ်သည် ကမ္ဘာ့ရပ်မိရပ်ဖများ အဖွဲ့၏ မြန်မာနိုင်ငံသို့ ပထမဦးစွာ အဖွဲ့တစ်ခုအနေဖြင့် လာရောက် ခြင်းဖြစ်ပါသည်။

ပြည်တွင်းနှင့်ပြည်ပမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးရရန် အကောင်အထည်ဖေါ် ကြိုးပမ်းမှုဖြစ်စဉ်တွင် ပါဝင်လှုပ်ရှားခဲ့သူများ၏ လုပ်ဆောင်ချက်များကို ကြိုဆိုကြပြီး ရခိုင်ပြည်နယ်တွင် ဆက်လက် ဖြစ်ပွားနေသော အကြမ်းဖက်မှုများအကြောင်းကိုလည်း ပြောကြားလိုက်သည်။ လာမည့် နှစ်များ တွင်လည်း မြန်မာပြည် အတွက် ဆက်လက် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်မိကြောင်း သတိချပ်မိပါသည်။

ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့ဝင်များသည် နေပြည်တော်နှင့် ရန်ကုန်မြို့သို့ လာရောက်ခဲ့ပြီး သမ္မတဦးသိန်းစိန် အပါအဝင် မြန်မာအစိုးရအဖွဲ့၏ အဆင့်မြင့်အရာရှိကြီးများနှင့် တွေ့ဆုံကြပြီး အခြားနိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ အမျိုးသမီးအဖွဲ့အစည်းများ အပါအဝင် အရပ်ဖက်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ပါသည်။

မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်နှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ သမ္မတဟောင်း ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့ခေါင်းဆောင် **ဂျင်မီကာတာ**၏ ပြောကြားချက်မှာ -

"ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်သူများအားလုံးထံမှအသံကို လာရောက်နားထောင်ခြင်းဖြစ်ပြီး သူတို့အားလုံးကို ထောက်ခံအားပေးဖို့ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီခရီးစဉ်မှာ တွေ့ဆုံသူတွေကို မေးခဲ့တဲ့မေးခွန်းကတော့ 'ဘယ်လို ဒီမိုကရေစီပုံစံမျိုးကို မျှော်မှန်းပါသလဲ'ဆိုတဲ့မေးခွန်းပါဘဲ။"

ကျွန်တော်တို့သမ္မတ ဦးသိန်းစိန်နဲ့တကွ သူ့ရဲ့အစိုးရအဖွဲ့၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ကိုပါ နေပြည်တော်မှာ တွေ့ဆုံပြီး အပြုသဘောဆောင်တဲ့ ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ယခုလက်ရှိဖြစ်ပေါ်နေတဲ့ ပြုပြင်ပြောင်းလဲရေး အရှေ့နှုန်းဟာ အတော်လေး ကျေနပ်အားရစရာ ကောင်းပါတယ်။

မြန်မာနိုင်ငံဟာ ပိုပြီးပွင့်လင်းတဲ့ လူ့အဖွဲ့အစည်းတစ်ခုဖြစ်နေပါပြီ။ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးခြင်းဟာ ပိုပြီးစိတ်အားတက်စရာ ကောင်းပါတယ်။ သမ္မတကြီး ကတိပေးခဲ့သလို ဒီနှစ်ကုန်ပိုင်းမှာ နိုင်ငံရေးအကျဉ်းသားလုံးဝမရှိလောက်တော့ဘူးလို့ ယုံကြည်ပါတယ်။

အမျိုးသမီးတွေ အရပ်ဖက်အဖွဲ့အစည်းတွေထဲမှာ တစ်စထက်တစ်စပါဝင် ဦးဆောင်လာတာကို အမှတ်ထင်ထင်သတိပြုမိပါတယ်။ သို့သော်လည်း သူတို့ဟာ နိုင်ငံရေးဖြစ်စဉ်တွေထဲမှာ ကိုယ်စားပြုပါဝင်တဲ့ အချိုးက နည်းနေပါသေးတယ်။ အမှန်တကယ် ရှင်သန်တက်ကြွတဲ့ ဒီမိုကရေစီ လူ့ဘောင်ဟာ အမျိုးသမီးတွေရဲ့ ကဏ္ဍပေါင်းစုံမှာ တန်းတူညီမျှအခွင့်အရေးနဲ့ ပါဝင်မှုမရှိရင် ဆက်လက်အောင်မြင်မှာ မဟုတ်ပါဘူး” ဟုပြောကြား ပါသည်။

ပြည်တွင်း တိုင်းရင်းသား ပဋိပက္ခများကို ဖြေရှင်းနိုင်မည့်၊ အားလုံးပါဝင်ဆွေးနွေးနိုင်မည့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲကိုလည်း ကမ္ဘာ့ရပ်မိရပ်ဖများမှ တိုက်တွန်းအားပေးပါသည်။

နယ်စပ်ဒေသတွင် ဖြစ်ပေါ်နေသော တိုင်းရင်းသား လက်နက်ကိုင်လူနည်းစုများနှင့် အစိုးရအကြား ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဖင်လန်နိုင်ငံသမ္မတဟောင်း မာတီ**အာတီဆာရီ**က မှတ်ချက်ပြုရာတွင် “ကျွန်တော်အမြဲပြောလေ့ရှိပါတယ်၊ တင်းမာမှုတွေရပ်မှ ငြိမ်းချမ်းရေး စတင်တည်ဆောက်နိုင်ပါတယ်။ ဒါဟာအစပါ၊ ဒီဖြစ်စဉ်ရဲ့ အဆုံးမဟုတ်ပါဘူး၊ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအရသာ ခံစားဖို့ဆိုတာ ဒီပဋိပက္ခတွေရဲ့ အောက်မှာ တိမ်မြုပ်နေတဲ့ အကြောင်းခြင်းရာတွေကို ဘယ်လိုကိုင်တွယ်သလဲဆိုတဲ့ အချက်ကို သတိထားရမှာပါ။ အထူးသဖြင့် မြေကြီးနဲ့ အခြားသဘာဝသံယံဇာတတွေနဲ့ပတ်သက်တဲ့ စိမ်ခေါ်မှုတွေပေါ့။ ပဋိပက္ခတွေဟာ အမြဲတမ်းမတူပေမယ့် ပဋိပက္ခဖြစ်စဉ်တွေ နောက်ပိုင်းကာလမှာ တူတာတစ်ခုတော့ အနည်းဆုံးရှိတယ်။ အောင်မြင်မှုရဖို့ဆိုရင် အားလုံးနဲ့ဆိုင်တဲ့ စိမ်ခေါ်မှုတွေကို ရင်ဆိုင်ရာမှာ ထော်လော်ကန့်လန့်လုပ်ချင်တဲ့ စိတ်နေစိတ်ထားတွေကို ခဝါချပစ်နိုင်မှုပေါ် မူတည်တယ်။ ခုချိန်မှာ မြန်မာလူမျိုးတွေလောက် ငြိမ်းချမ်းရေးလိုလားသူတွေ ရှိမယ်မထင်ဘူး။”

ကမ္ဘာ့ရပ်မိရပ်ဖများမှ အစ္စလမ်ဘာသာဝင်များအား အကြမ်းဖက်သူလက်သည်တရားခံများကို ယခုကဲ့သို့ အရေးမယူဘဲ လွှတ်ထားခြင်းအား ရပ်တန့်ပါရန်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကို အဓိပ္ပါယ်ရှိရှိ အကောင်အထည်ဖော်ရန် တောင်းဆို လိုက်သည်။ လူတစ်စုတွင်း ဖြစ်ပွားရာမှ တိုင်းပြည်နေရာတော်တော်အထိ ပြန့်နှံ့ဖြစ်ပွားခဲ့သော ပြ**ဿ**နာနှင့် ပတ်သက်၍ **ဂရိုဟာလမ် ဘရန့်တ်လန်း** နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ၊ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့ ဒု-ဥက္ကဌက - “မြန်မာနိုင်ငံမှာ မတူညီတဲ့ ဘာသာဝင်လူမျိုးများအကြား တင်းမာမှုတွေအပေါ် အာရုံစူးစိုက်မှုများရှိခဲ့ပါတယ်။ ကွဲပြားတဲ့ ဘာသာရေးအုပ်စုတွေ ဒီလောက်များတာကိုလည်း သတိထားမိပါတယ်။ ဘာသာရေးခေါင်းဆောင်တွေကို မေတ္တာနဲ့ သည်းခံခြင်းရှေ့ထားပြီး လုပ်ဆောင်ဖို့ တိုက်တွန်းခဲ့ပါတယ်။ အစွန်းရောက်သူများရဲ့ အရိုးစွဲနေတဲ့ မုန်းတီးမှုတွေကို ဖျောက်ဖျက်ဖို့ကတော့ နှစ်တွေအတော်ကြာဦးမှာပါ။ ပညာရေးသင်ရိုးညွှန်းတမ်းမှာ ထည့်ဆွဲရမယ့် ယဉ်ကျေးမှုဖလှယ်ခြင်းနဲ့ ဖြစ်စေပေ့ါ။ သေချာချိန်ရွယ်ပြီးလုပ်တဲ့ ရခိုင်ဒေသက မွတ်စလင်အနည်းစုအပေါ် အကြမ်းဖက်မှု ရပ်တန့်ရေးကို ဦးစားပေးပါ။ ရခိုင်ဒေသမှာရှိတဲ့ သူတွေအားလုံး မည်သည့်ဘာသာဝင်ဖြစ်စေ သူတို့အားလုံးရဲ့ အခြေခံအခွင့်အရေးဖြစ်တဲ့ စားနပ်ရိက္ခာ၊ ပညာရေး၊ လုံခြုံရေးတွေ ဖြည့်ဆည်းပေးဖို့ လိုပါတယ်။ ဒီလိုအဓိပ္ပါယ်မဲ့ ဖျက်လိုဖျက်ဆီး ထပ်တလဲလဲ အကြမ်းဖက်မှုမျိုးကို လျစ်လျူမရှုသင့်ပါဘူး။”

ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့အကြောင်းသိကောင်းစရာ

ကမ္ဘာ့ရပ်မိရပ်ဖများအဖွဲ့သည် ၂၀၀၇ ခုနှစ်တွင် နယ်လဆင် မန်ဒဲလားမှ စုစည်းပေးလိုက်သော လွတ်လပ်သော ခေါင်းဆောင်များ အဖွဲ့ဖြစ်ပြီး ကမ္ဘာတစ်ဝှမ်းလုံးတွင် ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် လူ့အခွင့်အရေးများအတွက် ၎င်းတို့အားလုံး၏ အတွေ့အကြုံများနှင့် ဩဇာလွှမ်းမိုးမှုတို့ကို အသုံးပြုပေးသူများဖြစ်ပါသည်။လက်ရှိ အဖွဲ့ဝင်များမှာ -

- မာတီ အာတီဆာရီ၊ ဖင်လန်နိုင်ငံ သမ္မတဟောင်း၊
- ကိုဖီ အာနန်၊ ဥက္ကဋ္ဌ
- အယ်လာ ဘတ်၊
- ဘက်ခ်ဒါ ဘရာဟီမီ၊ ဂရို ဟာလမ် ဘရန့်တ်လန်း၊ နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ဟောင်း (ဒုဥက္ကဋ္ဌ)
- ဖာနန်ဒို အွန်နရီကေး ကာရ်ဒိုစို၊
- ဂျင်မီ ကာတာ၊
- ဟီနာ ဂျီလာနီ၊
- ဂရာစာ မာချယ်၊ မာရီ ရော်ဘင်ဆန်၊
- အာနက်စတို ဇေဒီးလို၊

နယ်လ်ဆင် မန်ဒဲလားနှင့် ဒက်စ်မွန် တူးတူးတို့သည် ဂုဏ်ထူးဆောင် အဖွဲ့ဝင်များ ဖြစ်ပါသည်။

The Elders နှင့်ပါတ်သက်၍စုံစမ်းလိုလျှင်

ဗြိတိန်နိုင်ငံတွင်-

Sylvain Biville, Media Manager, The Elders: media@theElders.org / T +44 7547 736 371

မြန်မာနိုင်ငံတွင်
Elliott Fox, Media Officer, The Elders: media@theElders.org / T +95 (0)9 430 52557
Aye Hnin Swe (Rose), Mango Media: rose-swe@mango.com.mm / T +95 (0)9 4500 54200

သတင်းထုတ်ပြန်ချက်ရယူရန်

ကမ္ဘာ့ရပ်မိရပ်ဖအဖွဲ့ဂင်များ၏ ကိုယ်ရေးအထုပ္ပတ္တိ၊ ဘလော့ဂ်၊ ဓါတ်ပုံ၊ ဗီဒီယိုနှင့် သူတို့၏ အခြားလုပ်ဆောင်ချက်များကို သိရှိလိုပါလျှင် www.theElders.org. သို့ ဂင်ရောက်ကြည့်ရှု နိုင်ပါသည်။ The Elders ကို Twitter နှင့် Facebook များတွင် လေ့လာနိုင်ပါသည်။